# ယူနန်၌ တောင်ပိုင်းပိုးလမ်းမကြီး စူးစမ်းလေ့လာရေးခရီးသွားနှစ် စတင်ဖွင့်လှစ်

ယူနန်ပြည်နယ်ခရီးသွားမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မကြာမီရက်ပိုင်းတွင် ဖူးလ်မြို့၌ တောင်ပိုင်းပိုးလမ်းမကြီးစူးစမ်းလေ့လာ ရေးခရီးသွားနှစ်ကို စတင်ဖွင့်လှစ်လိုက်ကြောင်း သိရပါသည်။ ပြည်တွင်းပြည်ပမှ ခရီးသွားများအား ရောင်စုံယူနန်နယ် မြေအတွင်းရှိ တောင်ပိုင်းပိုးလမ်းမကြီး၊ ရှေးလက်ဖက်မြင်းလှည်းလမ်းမကြီးစသည်တို့ကို စူးစမ်းလေ့လာရန် ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ခေါ်လိုက်ပါသည်။ ရှေးခေတ်က ကျော်ကြားတောက်ပြောင်ခဲ့သော ကုန်သွယ်ရေးလမ်းမကြီးသည် ယခုခေတ် ခရီးသွားလုပ်ငန်းအတွက် တွန်းအားပေးပြီး စည်ပင်သာယာသော ခရီးစဉ်သစ်သို့ လျှောက်လှမ်းစေနိုင်မှာ ဖြစ်သည်။

ယခုအကြိမ် ခရီးသွားနှစ်ဖွင့်ပွဲ အခမ်းအနားကို ဖူးလ်မြို့လက်ဖက်မြင်းလှည်းလမ်းမကြီး၏ အရေးပါသည့် အထောက်စားခန်း နှဲ့ခေါ့လီ၌ ကျင်းပခြင်းဖြစ်သည်။ ယင်းနေရာတွင် ခရီးသွားနှစ်ဖွင့်လှစ်ခြင်းအားဖြင့် ရှေးလမ်းမကြီးအားခေတ်သစ်တွင်ပြန်လည်အသက်ဝင်စေမည်ဟု မျှော်လင့်ထားခြင်းပင်ဖြစ်သည်။ ဖူးလ်မြို့အစိုးရဒုတိယမြို့တော်ဝန်ယန်လင်သည် ဖူးလ်မြို့မှာ တစ်မြို့တည်းနှင့် နိုင်ငံ(၃)နိုင်ငံနှင့်နယ်နိမိတ်ချင်းဆက်စပ်ကြောင်း၊ ရှေးလက်ဖက်မြင်းလှည်းလမ်းမကြီးသည် ထိုနေရာမှနေ၍ အရှေ့တောင်အာရှ၊ တောင်အာရှသို့ ပေါက်သွားသည့်အပြင် ထိုမှတဆင့် ဥရောပတိုက်သို့လည်း ဆန့်သွားခြင်းဖြစ်ကြောင်း၊ ယင်းလမ်းသည် ယဉ်ကျေးမှုလမ်းမကြီးနှင့် ယဉ်ကျေးမှုဖလှယ်ရေးလမ်းမကြီးပင်ဖြစ်ကြောင်း ပြောကြားပါသည်။

တောင်ပိုင်းပိုးလမ်းမကြီးကို စူယွမ်တူးတောက်လမ်းဟုလည်း ခေါ်ဝေါ်ခဲ့သည်။ ယခုခေတ် တရုတ်နိုင်ငံချိန်ဒူးမြို့မှ အစပြု၍ ယူနန်ပြည်နယ်ကျောက်ထုံး၊ ချွေကျင့်၊ တာ့လီ၊ ပေါင်စန်း၊ထိန်ချုံး စသည့်နေရာများကို ဖြတ်သန်းလိုက်ပြီး တယ်ဟုန်မှ ပြည်ထွက်ကာ မြန်မာနိုင်ငံသို့ ဝင်သွားကြောင်း၊ နောက်ဆုံးတွင် အိန္ဒိယနှင့်အလယ်အာရှ၊ အနောက်အာရှသို့ ရောက်ရှိသွားခဲ့ကြောင်း၊ ရှေးလက်ဖက်မြင်းလှည်းလမ်းမကြီးမှာမူတရုတ်ထန်မင်းဆက်၊ စုံ့မင်းဆက်တွင် အစပြုပြီး မင်မင်းဆက်နှင့်ချင်းမင်းဆက်တို့တွင် အစည်ကားဆုံးဖြစ်ကြောင်း၊ ယူနန်-တိဗက် ရှေးလက်ဖက်မြင်းလှည်းလမ်းမကြီးသည် ဖူးလ်မြို့မှအစပြု၍ တာ့လီ၊ လိကျန်း၊ တီချင့်စသည့် နေရာများကို ဖြတ်သန်းပြီး တိဗက်သို့ ဝင်ရောက်သွားကြောင်း၊ ထိုမှတဆင့် ဘူတန်၊ နီပေါ၊ အိန္ဒိယနိုင်ငံသို့ဝင်ရောက်ကာ အနောက်အာရှ၊ အာဖရိကအထိ ရောက်ရှိသွားကြောင်း သိရပါသည်။

သတင်းအရ "တောင်ပိုင်းပိုး လမ်းမကြီး" နှင့် "ရှေးလက်ဖက်မြင်း လှည်းလမ်းမကြီး"၏ အရေးပါဆုံးဆုံမှတ်နှင့်








အစိတ်အပိုင်းတစ်ခုအဖြစ် ယူနန်ပြည်နယ်သည် "ဇုန်တစ်ဇုန် လမ်းတစ်လမ်း" မဟာဗျူဟာ၏ အခွင့်အလမ်းကို အားထားပြီး "တောင်ပိုင်းပိုးလမ်းမကြီး" နှင့် "ရှေးလက်ဖက်မင်းလှည်းလမ်းမကြီး" ခရီးသွားလမ်းကြောင်းကို ဖော်ထုတ်ဖွံ့ဖြိုးသွားမည်ဖြစ်ပြီး ဟောခိုနယ်စပ်ဂိတ်မှ ဗီယက်နမ်နိုင်ငံဘက်သို့ ဆန့်ထွက်သွားရေး၊ မော်ဟန်းနယ်စပ်ဂိတ်မှ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံဘက်သို့ ဖြာထွက်သွားရေး၊ ရွှေလီနယ်စပ်ဂိတ်မှ အိန္ဒိယဘက်သို့ တိုးချဲ့သွားရေးစသည့် လုပ်ငန်းများကို ကောင်းမွန်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ၄င်းအပြင် ယူနန်အနောက်တောင်ပိုင်း လန်ချန်း(မဲခေါင်)မြစ် ရွှေလေးထောင့်ခရီးသွားစက်ဝိုင်းနှင့် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းလေးနိုင်ငံ ပတ်ရွှေရောင်ခရီးသွားလမ်းကြောင်း တည်ဆောက်ရေးလုပ်ငန်းကို တက်ကြွစွာ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ "ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာနိုင်ငံတကာခရီးသွားပူးပေါင်းဆောင်ရွက်ရေး အသိုက်အဝန်း" တည်ဆောက်ရေး စီမံကိန်းအကောင်အထည်ဖော်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ယူနန်ပြည်နယ် ခရီးသွားမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သူဝင်ဆူးချွန်၏ ပြောကြားချက်အရ ယခုနှစ်အတွင်း ယူနန်ပြည်နယ်၏ ခရီးသွားလုပ်ငန်းသည် ပိုးလမ်းမကြီး၊ လက်ဖက်မြင်းလှည်းလမ်းမကြီးတို့ကို အဓိကထားပြီး ခရီးသွားလုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့(ပြည်နယ်ခွဲ)အသီးသီးအနေနှင့် သက်ဆိုင်ရာခရီးသွား ထုတ်ကုန်အသစ်များကို ဂရုတစိုက် ဖွံ့ဖြိုးကြရမည်ဖြစ်ကြောင်း၊ ပိုများသောပင်လင်ရပ်ခြားမှ ခရီးသည်များအား ရောင်စုံယူနန်သို့ လာရောက်လည်ပတ်စေရန် အနှစ်အဆီကျ ခရီးသွားလမ်းကြောင်းခရီးစဉ်များကို ကြိုးစားပမ်းစား တည်ဆောက်ရမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

ကျိရွှေ့လု

## ယူနန်ပြည်နယ်အစိုးရသည် တရုတ်ဆောက်လုပ်ရေးကုမ္ပဏီနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ချုပ်ဆို တောင်အာရှ၊ အရှေ့တောင်အာရှ သို့ မျက်နှာမူဖြာထွက်မည့်စင်တာကို လက်တွဲတည်ဆောက်

မတ်လ ၂ရက်တွင် ယူနန်ပြည်နယ်အစိုးရသည် ရေရှည်ခိုင်မြဲသောပူးပေါင်းဆောင်ရွက်ရေး ဆက်ဆံမှုတည်ထောင်ပြီး တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူဖြာထွက်စေမည့် စင်တာကို လက်တွဲတည်ဆောက်ကြရန် တရုတ်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်နှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ချုပ်ဆိုခဲ့သည်။ မကြာမီရက်ပိုင်းတွင် နှစ်ဦးနှစ်ဖက်တို့သည် ဟွာ(ဖင်)-လိ(ကျန်း)အမြန်လမ်းမကြီးစီမံကိန်းကို ပူးပေါင်းဆောင်ရွက်မည့်ကနဦးစီမံကိန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

သဘောတူညီချက်အရ ယူနန်ပြည်နယ်သည် တရုတ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် ရေရှည်ခိုင်မြဲဦးစားပေးသောမဟာဗျူဟာမြောက် ပူးပေါင်းဖေါ်ပူးပေါင်းဖက်ဆက်ဆံရေးကို တည်ထောင်ကြမည်ဖြစ်သည်။ ယူနန်ပြည်နယ်အနေဖြင့် ဥပဒေနှင့်ပေါ်လစီခွင့်ပြုသည့်အခြေအနေအောက်တွင် ယူနန်ပြည်နယ်၌ စီမံကိန်းရင်းနှီးမြှုပ်နှံရန် တရုတ်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်အတွက် ဆက်သွယ်ဆောင်ရွက်ပေးပြီး ဦးစားပေးပေါ်လစီ ပတ်ဝန်းကျင်ကို ဖန်တီးပေးမည်ဖြစ်သည်။တရုတ်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ကလည်း ယူနန်ကို အရေးကြီးသည့် မဟာဗျူဟာမြောက်ရင်းနှီးမြှုပ်နှံရန် ဒေသအဖြစ် စီစဉ်ပေးမည်ဖြစ်ပြီး "(၁၂) ခု မြောက်ငါးနှစ်စီမံကိန်း" အနှောင်းပိုင်းနှင့် "(၁၃) ခုမြောက်ငါးနှစ်စီမံကိန်း" ကာလအတွင်း ယူနန်ပြည်နယ်၌ ယွမ် ၁၀၀ ဘီလီယံကို ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ မကြာသေးမီကာလတွင် နှစ်ဦးနှစ်ဖက်တို့သည် ယူနန်ဟွာဖင်-လိကျန်း အမြန်လမ်းမကြီးစီမံကိန်းကို ပူးပေါင်းဆောင်ရွက်မည့် ကနဦးစီမံကိန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆင့်မြင့်အရာရှိများပုံမှန်ညှိနှိုင်းဆွေးနွေးမှုစနစ်ကို ထူထောင်ကြကာ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းနှင့် အစီအစဉ်များ သုတေသနပြု ရေးဆွဲခြင်း၊ သက်ဆိုင်ရာဝန်ထမ်းများကို စေလွှတ်၍ လုပ်ငန်းချိတ်ဆက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ပူးပေါင်းဆောင်ရွက်ရန် အသေးစိတ်ကိစ္စရပ်များကို လက်တွေ့အကောင်အထည်ဖေါ်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်စေရမည်ဖြစ်သည်။

စုံစမ်းမေးမြန်းခြင်းအရ ဟွာ(ဖင်)-လိ(ကျန်း)အမြန်လမ်းသည် အရှည် ၁၅၃. ၃ ကီလိုမီတာရှိပြီး ခန့်မှန်းခြေအားဖြင့် ယွမ် ၂၈. ၅၈၅ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ နှစ်ဦးနှစ်ဖက်တို့သည် ဏဏဏပုံစံဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ စီမံကိန်း၏ ရင်းနှီးငွေမှာ ယာယီအားဖြင့် စုစုပေါင်းရင်းနှီးငွေ(ချေးငွေ)ပမာဏ၏ ၄၅% ပါဝင်မည်ဟု သတ်မှတ်ထားကြောင်း သိရပါသည်။ ထန်ကျင်းချွင်၊ ကုပင်း

## သီရိလင်္ကာသည် တောင်အာရှကုန်စည်ပြပွဲသို့ ပါဝင်တက်ရောက်ရန် ကိုယ်စားလှယ်များစေလွှတ်

သီရိလင်္ကာဆိုင်ရာယူနန်ကုန်သွယ်ရေးသံရုံးမှ ရရှိသော သတင်းအရ သီရိလင်္ကာ ပို့ကုန်သွင်းကုန် လုပ်ငန်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ယခုနှစ်တွင် ကျင်းပမည့် တရုတ်-တောင်အာရှကုန်စည်ပြပွဲကို ပါဝင်တက်ရောက်ရန် ကိုယ်စားလှယ် စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာဆိုင်ရာယူနန်ကုန်သွယ်ရေးသံရုံးမှတာဝန်ရှိသူ၏ မိတ်ဆက်ခြင်းအရ သီရိလင်္ကာပို့ကုန်သွင်းကုန်လုပ်ငန်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ယူနန်ပြည်နယ်ကိုယ်စားလှယ်အဖွဲ့တို့သည် မကြာမီရက်ပိုင်းတွင် ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးပွဲကျင်းပခဲ့ကြောင်း၊ နှစ်ဦးနှစ်ဖက်တို့သည် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရေး၊ သီရိလင်္ကာနိုင်ငံအတွက် ထပ်ဆောင်းတန်ဖိုးမြင့် ထွက်ကုန်များတိုးမြှင့်တင်ပို့စေရေးစသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နက်ရှိုင်းစွာအမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း သိရပါသည်။ သီရိလင်္ကာပို့ကုန်သွင်းကုန်လုပ်ငန်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဝင်းလားခုံးက လွန်ခဲ့သည့်နှစ်များအတွင်းတွင် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၌ သီရိလင်္ကာ ထုတ်ကုန်လိုအပ်ချက် တစ်နှစ်ပြီး တစ်နှစ်တိုးမြှင့်လာနေကြောင်း၊ တောင်အာရှ ကုန်စည်ပြပွဲသည် သီရိလင်္ကာ-တရုတ်နှစ်နိုင်ငံ၏ တစ်နှစ်တာကုန်သွယ်ရေး လှုပ်ရှားမှုကြီးလေးခုအနက် တစ်ခုပင်ဖြစ်ကြောင်း၊ ယနှစ်တွင် သီရိလင်္ကာနိုင်ငံပို့ကုန်သွင်းကုန်လုပ်ငန်းဖွံ့ဖြိုးရေးဦးစီးဌာနအနေနှင့် တောင်အာရှကုန်စည်ပြပွဲကို ပါဝင်တက်ရောက်မည့်အပြင် ကြီးမားလှသော ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကိုလည်း စေလွှတ်မည်ဖြစ်ကြောင်း၊ ခန့်မှန်းခြေအရ သီရိလင်္ကာ၏ပြခန်းမှာ (၁၀၀)ကျော် ရှိမည်ဖြစ်ကြောင်း၊ သာမန်ကုန်ပစ္စည်းများအပြင် ပို့ကုန်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစသည့်ကုမ္ပဏီများကလည်း ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း၊ ၂၀၁၃ခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံသည် တရုတ်နိုင်ငံမှ တင်သွင်းသောကုန်ပစ္စည်းများ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ၃ဘီလီယံရှိပြီး သီရိလင်္ကာနိုင်ငံသွင်းကုန်ပမာဏစုစုပေါင်း၏၁၇%ခန့် ပါဝင်ပြီး တရုတ်နိုင်ငံသည် သီရိလင်္ကာ၏ဒုတိယအကြီးဆုံးသောသွင်းကုန်နိုင်ငံဖြစ်လာကြောင်း ပြောကြားသွားပါသည်။

ရှောင်ချင်

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

# တရုတ် – မြန်မာနယ်စပ်၌ အမြင့်ဆုံးတံတားချိတ်ဆက်ပြီးစီး တံတားဆောက်လုပ်စဉ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထား

တရုတ်-မြန်မာနယ်စပ်၌အမြင့်ဆုံး အမြန်လမ်းတံတားဖြစ်သည့် လို့(ခု)-ပင် (ကျုံးလော့) လမ်းပိုင်းတွေ့ဖန်မြစ် အထူး တံတားကြီးသည် မကြာသေးမီရက်ပိုင်း တွင် အောင်မြင်စွာ ချိတ်ဆက်ပြီးစီးသွား ပြီးဖြစ်သည်။ အဆိုပါခရီးသွားရေး၊ တိုင်း ရင်းသားစည်းလုံးညီညွတ်ရေး စသည့် စွမ်းဆောင်မှုများကို တပါတည်းစုစည်း ထားသည့် ကားလမ်းတည်ဆောက်ရေး လုပ်ငန်းအတွက် အကြီးမားဆုံးသော အခက်အခဲကို ကျော်လွှန်နိုင်ခဲ့သည်ဟု လက္ခဏာဆောင်နေသည်။

လို့(ခု)-ပင်(ကျုံးလို) ကားလမ်း သည် ယူနန်ပြည်နယ်နုကျန်းပြည် နယ်ခွဲ၏ပြည်နယ်ခွဲ ရုံးစိုက်ရာမြို့ဖြစ် သည့်လို့ခုမြို့မှအစ "မြစ်သုံးသွယ်ယှဉ် ၍ စီးဆင်းရာဒေသ"၏အချက်အချာကျ နယ်မြေဖြစ်သည့် ပင်ကျုံးလော့ရွာအထိ ဖြစ်သည်။ ယူနန်ပြည်နယ်အဆင့် S228 ဝါ-ကုံကားလမ်း၏ အရေးပါသောလမ်း ပိုင်းဖြစ်ပြီး ယူနန်ကားလမ်းကွန်ရက်တွင် စီမံကိန်းရေးဆွဲနေသည့် သာမန်ပင်မ လမ်းကွန်ရက်"တယ်ချင်း-ရွှေလီ"လမ်း၊ ရှန်းကေလီလား ယူနန်အပိုင်းခရီးသွား ရေးပတ်လမ်းစီမံကိန်း၏ပင်မလမ်း ကြောင်း"ပင်ကျုံးလော့-ဖုနင်"လမ်း၏ အရေးပါသော အစိတ်အပိုင်းဖြစ်သည်။ တွေ့ဖန်းမြစ် အထူးတံတားကြီသည် လို့ ခုမြို့အနီးတွင် တည်ရှိပြီး ပင်မတံတား တိုင်အမြင့် ၁၂၁ မီတာ၊ အရှည် ၆၁၇ မီတာရှိသည်။ လို့(ခု)-ပင်(ကျုံးလို)လမ်း ဆောက်လုပ်ရေး စီမံကိန်းတစ်ရပ် လုံး၏ ထိန်းချုပ်လိုသောအရေးကြီးစီမံကိန်းဖြစ် သည်။တရုတ်ရထားလုပ်ငန်းအမှတ်(၂၀) ဌာနမှ တာဝန်ယူဆောက်လုပ်ခြင်းဖြစ် သည်။

တရုတ်ရထားလုပ်ငန်းအမှတ်(၂၀) ဌာနလို့(ခု)-ပင်(ကျုံးလို)လမ်း ဆောက် လုပ်ရေးစီမံကိန်းအင်ဂျင်နီယာချုပ် ရှိုကို ချန်း၏ မိတ်ဆက်ခြင်းအရ တွေ့ဖန်းမြစ် အထူးတံတားကြီးသည် မြန်မာနိုင်ငံနှင့် မျဉ်းဖြောင့်အကွာ ၂၀ ကီလိုမီတာခန့်သာ ကွာဝေးကြောင်း၊ ကုန်းမြင့်တောင်တန်း ဒေသ၌ ဆက်တိုက်အလျားကျယ် သံ ကူတံတားကြီးဖြစ်ပြီး တရုတ်-မြန်မာ နယ်စပ်ဒေသတွင် အမြင့်ဆုံးသောကား လမ်းတံတားဖြစ်ကြောင်း၊ ယင်းကားလမ်း သည် နိုင်ငံတကာ မြစ်ချောင်းဖြစ်သည့်နု ကျန်းမြစ်နှင့်နီးကပ်လျက်ရှိပြီး တိုင်းရင်း သားလူနည်းစုများ နေထိုင်ရာနယ်မြေကို ဖြတ်သန်းသွားကာ လမ်းပန်းဆက်သွယ် ရေး အဆင်မပြေသောကြောင့် ပတ်ဝန်း ကျင်ထိန်းသိမ်းရေးလိုအပ်ချက် မြင့်မား ပြီး ဆောက်လုပ်ရေးအခက်အခဲလည်း ကြီးမားလှကြောင်း သိရပါသည်။

ရှိုကိုချန်းက တွေ့ဖန်းမြစ် အထူး တံတားကြီးသည် လယ်မြေအသုံးပြု မှုကို အတတ်နိုင်ဆုံးလျော့နည်းစေရန် စီမံကိန်းရေးဆွဲရေးလုပ်ငန်းမှ လက်တွေ့ ဆောက်လုပ်ရေးလုပ်ငန်းအထိ အကြိမ် ကြိမ် ကောင်းမွန်အောင်ပြုပြင်ခဲ့ကြောင်း၊ အနီးတဝိုက်ရှိ မြေဆီလွှာအား တိုက်စား မခံနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြစ်ချောင်းနှစ်ဖက်ကမ်းအပေါ် စီမံ ဆောင်ရွက်ရေး၊ နေ့စဉ်အမှိုက်သရိုက် များရှင်းလင်းရေးစသည့် လုပ်ငန်းများကို



ဆောင်ရွက်ပေးခဲ့ပြီး ဒေသအတွင်း အား နည်းချည့်နဲ့သောဂေဟစနစ်ကို အစွမ်း ကုန်ကာကွယ်ထိန်းသိမ်းသွားရမည်ဖြစ် ကြောင်းဆက်လက် ပြောကြားသွားပါ သည်။

နုကျန်းပြည်နယ်ခွဲသည် တရုတ်- မြန်မာနှစ်နိုင်ငံ၊ယူနန်-တိဗက်နှစ်ပြည် နယ်(ဒေသ) တို့၏နယ်နိမိတ်ချင်းဆက် စပ်ရာနေရာတွင် တည်ရှိနေသည်။ ပြည် နယ်ခွဲအတွင်း နယ်နိမိတ်မျဉ်းကြောင်း အရှည် ၄၄၉ ကီလိုမီတာရှိသည်။ လို့(ခု) -ပင်(ကျုံးလို) ကားလမ်းဆောက်လုပ်ပြီး စီးသွားပါက ဒေသတွင်းစီးပွားရေးဖွံ့ဖြိုး တိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဂိတ်တည် ဆောက်မှုနှင့် နယ်စပ်ကုန်သွယ်မှုတိုးမြှင့် ရေးအတွက် ကောင်းမွန်သောပတ်ဝန်း ကျင်ကိုဖန်တီးပေးနိုင်မည်ဖြစ်ပြီး နုကျန်း ပြည်နယ်ခွဲ၏ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုး တက်ရေးအတွက် တွန်းအားပေးနိုင်မည် ဖြစ်သည်။

ဝမ်ယန့်လုံ

# ယူနန်၌ နိုင်ငံတကာ အမြန်ချောပြည်ဝင်ပြည်ထွက်မှုလုပ်ငန်းဖွင့်လှစ်

မကြာမီ ကူမင်းချန်စွေနိုင်ငံတကာ လေဆိပ်မှ ကူမင်းနိုင်ငံတကာအမြန်ချော ကြီးကြပ်ရေးစင်တာ၏ဖွင့်ပွဲအခမ်းအနား ကို ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဤသည်မှာ ယူနန်နိုင်ငံတကာ အမြန် ချော ပြည်ဝင်ပြည်ထွက်မှုလုပ်ငန်းကို တရားဝင် ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း လက္ခဏာဆောင်လိုက်ပါသည်။

မတ်လာရက်တွင် အစမ်းလည် ပတ်ခြင်းအားဖြင့် ကြီးကြပ်ရေးစင်တာ၏ ချောထုပ်ပမာဏမှာ စုစုပေါင်း ၂၀၀၀ ကျော် ပို့လာခဲ့ပါသည်။ ယင်းအမြန်ချော များမှာ အမေရိကန်၊ ဂျပန်၊ ကိုးရီးယား စသည့်နိုင်ငံများမှ ပို့လာရခြင်းဖြစ်ပါ သည်။ အစမ်းလည်ပတ်မှု၏ စံချိန်စံညွှန်း အရပ်ရပ်မှာ ပြည်ဝင်ပြည်ထွက်အမြန် ချောလုပ်ငန်း၏ အချက်အလက်များနှင့် ကိုက်ညီသောကြောင့် ကူမင်းနိုင်ငံတကာ အမြန်ချောကြီးကြပ်ရေးစင်တာကို ခွင့်ပြု ချက်အရ ယမန်နေ့မှစ၍ တရားဝင်ဖွင့် လှစ်လိုက်ပါသည်။ ကူမင်းအကောက်ခွန် ဌာန ပြည်ဝင်ခွင့်ကြီးကြပ်ရေးဌာနညွှန် ကြားရေးမှူးစီးယိ၏ မိတ်ဆက်ခြင်းအရ ကူမင်းနိုင်ငံတကာ အမြန်ချောကြီးကြပ် ရေးစင်တာ၏တရားဝင် ဖွင့်လှစ်လိုက် ခြင်းသည် ယခင်ကမိမိတို့ပြည်နယ်၏ နိုင်ငံတကာ အမြန်ချောထုပ်များကို ပေကျင်း၊ ရှန်ဟိုင်း၊ ချိန်ဒူး၊ ချုံချင့် စသည့် အမြန်ချောကြီးကြပ်ရေးစင်တာ ဖွင့်လှစ် ထားသည့် အကောက်ခွန်ဌာနများ၏ နယ်ခြားဂိတ်မှတဆင့် ပြည်ဝင်ပြည်ထွက် ခဲ့သည့်သမိုင်းကို အဆုံးသတ်လိုက်ပြီ ဖြစ်ကြောင်း၊ ချောထုပ်များ၏စီးဆင်းမှု၊ ပြည်ဝင်ပြည်ထွက်မှုအရှိန်နှုန်းကို သိသိ သာသာ မြှင့်တင်ပေးနိုင်ပြီဖြစ်ကြောင်း သိရပါသည်။

သတင်းအရ နိုင်ငံတကာအမြန် ချောဝန်ဆောင်မှုလုပ်ငန်းသည် တဖက် မှာ ပြည်ပကုန်သွယ်ရေးတွင် စီးပွားရေး စာစောင်များ၊ ကုန်ပစ္စည်းနမူနာကြော်ငြာ များ၏ပြည်ဝင်ပြည်ထွက်စီးဆင်းမှု အရှိန် နှုန်းမြှင့်တင်စေရေးအတွက် အရေးပါ သည့်အခန်းထဲပါဝင်ကြောင်း၊ နောက် တစ်ဖက်မှာပြည်သူလူထုများက အင်တာ နက်ဝဂ်ဆိုက်အွန်လိုင်းမှ ပင်လယ်ရပ်ခြား ကနေ ဈေးဝယ်ခြင်းအတွက် လွယ်ကူချော မွေ့သော၊ လုံခြုံစိတ်ချသော၊ တွင်ကျယ်လှ သော ကုန်စည်စီးဆင်းရေးဝရန်တာတစ် ခုကိုလည်း ဖန်တီးပေးနိုင်ကြောင်း၊ နိုင်ငံ တကာ အမြန်ချောဝန်ဆောင်မှုလုပ်ငန်း ၏ ဖွင့်လှစ်လိုက်ခြင်းသည် ပြည်ပကုန် သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ အတွက် အလုပ်တွင် ကျယ်နိုင်မည်ဖြစ် ကြောင်း သိရပါသည်။

ကူမင်းနိုင်ငံတကာအမြန်ချောကြီး ကြပ်ရေးစင်တာ ဖွင့်လှစ်ပြီးသည့် နောက် ပြည်နယ်တွင်း အမြန်ချောပြည်ဝင် ပြည်ထွက်မှု၏အရေးတကြီးလိုအပ်ချက် ကို ရောင့်ရဲပေးနိုင်သည့်အပြင် နယ်စပ် ဖြတ်ကျော် အီလက်ထရွန်နစ်ကုန်သွယ် ရေးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အားကောင်း သော ကုန်စည်စီးဆင်းမှုဝရန်တာတစ်ခု ကိုလည်း ထောက်ပေးနိုင်သည်။ ကူမင်း ချန်စွေနိုင်ငံတကာလေဆိပ်၏ ကုန်စည် စီဆင်းရေးလုပ်ငန်းအမျိုးအစားကို အဆင့် မြှင့်ကြွယ်ဝပြီး ယူနန်ပြည်နယ်၏နိုင်ငံ တကာလေကြောင်းကုန်စည်စီးဆင်းမှုဖွံ့ ဖြိုးတိုးတက်စေရေးအတွက် အရေးပါ သောအခန်းထဲ ပါဝင်နိုင်မည်ဖြစ်သည်။

ချင်ပေါင်ဟုန်၊ စီဟုန်ဝင် ယူနန် နိုင်ငံတကာ အသိအမှတ်ပြုအဖွဲ့ချုပ် တည်ထောင် "တစ်ကြိမ်တည်း အသိ အမှတ်ပြုသည်နှင့် တစ်ကမ္ဘာလုံးတွင် ကတိတည်"နိုင်သော နိုင်ငံတကာအသိ အမှတ်ပြုမှုဆိုင်ရာ ပူးပေါင်းဖလှယ်ရေး ကို တိုးမြှင့်ဆောင်ရွက်ပြီး ပို့ကုန်သွင်း ကုန်ပစ္စည်းများ လွယ်ကူချောမွေ့စွာ ပြည် ဝင်ပြည်ထွက်နိုင်ရန်အတွက် လည်း ကောင်း၊ "ဈေးကွက်နှစ်ခု၊ စံချိန်တစ်မျိုး" ဟူသော တပေါင်းတစည်းတည်း ကြီး ကြပ်မှုနှင့် ဝန်ဆောင်မှုစနစ်များကို စမ်း တဝါးဝါးနှင့်ဆောင်ရွက်ပြီး ပြည်ပကုန် သွယ်ရေးလုပ်ငန်းများအား ဝန်ထုပ်ဝန်ပိုး လျော့နည်းပြီး အကျိုးအမြတ်တိုးမြှင့် စေရန်အတွက်လည်းကောင်း၊ ယူနန်ပြည် နယ်ပြည်ဝင်ပြည်ထွက်မှု စစ်ဆေးရေးနှင့် ရောဂါကာကွယ်ရေးဦးစီးဌာနနှင့် ယူနန် ပြည်နယ် ကုန်သွယ်ရေးဦးစီးဌာနတို့၏ ဦး ဆောင်မှုအောက်တွင် ယူနန်နိုင်ငံတကာ အသိအမှတ်ပြုအဖွဲ့ချုပ်(အောက်တွင် အတိုကောက်အဖြစ် YICA ဟု ခေါ်ထွင် မည်)ကို မကြာသေးမီရက်ပိုင်းက ကူမင်း မြို့တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရပါသည်။

YICA သည် နိုင်ငံတကာ ကုန် သွယ်ရေး၏ ကုန်ထုတ်လုပ်သူ၊ ကူးသန်း ရောင်းဝယ်သူနှင့် ကုန်ထုတ်ပစ္စည်းပံ့ပိုး သူ၊ ငွေရေးကြေးရေးဝန်ဆောင်မှုအဖွဲ့ အစည်း၊ နိုင်ငံတကာအသိအမှတ်ပြုမှု ဌာနနှင့် စစ်ဆေးမှုဌာန၊ သက်ဆိုင်ရာ အစိုးရဌာန၊ သုတေသနဌာန၊ လုပ်ငန်း ဆိုင်ရာအဖွဲ့အစည်းနှင့်လောကတွင်းဝါ ရင့်ပညာရှင်စသူများဖြင့် ဖွဲ့စည်းထား သည့် အကျိုးအမြတ်မယူသော အဖွဲ့ အစည်းဖြစ်ပြီး ပြည်တွင်းပြည်ပကုန် သွယ်ရေးကို တပေါင်းတစည်းတည်း စံမီညွှန်းကိုက်စီမံခန့်ခွဲသော၊ အရည် အသွေးကောင်းမွန်သော လုပ်ငန်းများကို အစွမ်းကုန် ပြုစုပျိုးထောင်ပေးကာ အသိ အမှတ်ပြုမှုဆိုင်ရာနိုင်ငံတကာပူးပေါင်း ဖလှယ်ရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့ စေရေးလုပ်ငန်းများကို ဆောင်ရွက်သွား မည်ဖြစ်ပါသည်။ ယင်းအဖွဲ့ချုပ်၏ ဖွင့် လှစ်ခြင်းသည် နိုင်ငံတော်၏"ဇုန်တစ်ဇုန် လမ်းတစ်လမ်း"မဟာဗျူဟာကို ထောက် ခံပြီး "ပြည်ပသို့ ထွက်ရန်" နည်းလမ်း သစ်ကိုစူးစမ်းရှာဖွေရန်အတွက်ဖြစ်သည်။

ယန်ဟုန်ချွမ်း



# ယူနန်အကပညာရှင်ယန်လိဖင်သည် ချစ်တပည့်အတွက် “ကြာပန်းငုံ” အကကို စီမံဖန်တီးပေး

အထက်ကောင်းကင်တွင် လမင်းဝင်းပလျက်၊ အစိမ်းရောင်ရွက်များ အုပ်အုပ်ဆိုင်းဆိုင်း ဝေဝေဆာဆာရှိသည့်အကြား၌ ကြာပန်းဒုမှုသည် မိုးကောင်းကင်ပေါ်မှ ကျရောက်လျက်၊ အနီရောင်ကြာပန်းများသည် ကဟန်ကကွက်အလိုက်ပွင့်လန်းလာလျက် ...

ယူနန်ပြည်နယ်နာမည်ကျော်ကြားသောအကပညာရှင်ယန်လိဖင်သည် တရုတ်ပြည် ဗဟိုရုပ်မြင်သံကြားဌာန၏ နှစ်သစ်ကူးပဒေသာပွဲတွင် (၇)ကြိမ်တိုင်တိုင် ဇာတ်စင်တက် တင်ဆက်ခဲ့သည်။ 《ဒေါင်း၏ချစ်ခြင်းမေတ္တာ》 အကတစ်ပုဒ်တည်းဖြင့် ဒေါင်းအကသည် တစ်ပြည်လုံး၌ ထင်ရှားကျော်ကြားသွားပါသည်။ ယခုနှစ်တွင် ယန်လိဖင်သည် ၂၀၁၅ခုနှစ် ပေကျင်းရုပ်မြင်သံကြား ဌာန ၏နှစ်သစ်ကူးပဒေသာပွဲမှ အဆိုအကအစီအစဉ်များ၏ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ သူမ၏ချစ်တပည့် ယန်းဝူအတွက် တပင်ထိုင်အက 《ကြာပန်းငုံ》 ကို စီမံဖန်တီးပေးခဲ့သောကြောင့် ပေကျင်းရုပ်မြင်သံကြားနှစ်သစ်ကူးပဒေသာပွဲ၏ကောင်းချီးသြဘာ အများဆုံးရရှိခဲ့သောအကအစီအစဉ် ဖြစ်လာခဲ့သည်။

“ကြာ” ကို အဓိကအကြောင်းအရာအဖြစ် စီမံဖန်တီးခြင်းသည် အကပညာရှင်ယန်လိဖင်၏နှစ်ပေါင်းများစွာ ဖြင့်တွေးထင်ခဲ့သော စီမံချက်တစ်ရပ်ပင် ဖြစ်သည်။ သို့သော် ပြီးခဲ့သည့်နှစ်များအတွင်း ယင်းအကကို ပြည့်စုံကုံလုံအောင် ဇာတ်စင်တင်နိုင်သည့်အခွင့်အလမ်းမရှိခဲ့ပါ။

“ကြာပန်းဟာ တရုတ်ယဉ်ကျေးမှုရဲ့ပြယုဂ်တစ်ခုဖြစ်ပါတယ်။ ၎င်းဟာ မင်္ဂလာရှိမှု၊ ထွန်းလင်းတောက်ပမှု၊ သန့်ရှင်းဖြူစင်မှု၊ လွတ်လပ်မှုစတဲ့အနက်အဓိပ္ပါယ်ပါပါတယ်။ ကြာပန်းရဲ့နူးညံ့မှုမှာလည်း အမျိုးသမီးများရဲ့ကြော့မော့မှုကို သတိရတတ်ပါတယ်။ နှစ်သစ်ကူးပဒေသာပွဲမှာ ကြာပန်းအက ကနိုင်ယင် အများအတွက် ကျက်သရေမင်္ဂလာရှိတဲ့ ခံစားချက်မျိုးကို ပေးဆောင်နိုင်ပါတယ် ”ဟုကြာပန်းအကစီမံဖန်တီးခြင်း၏ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ယန်လိဖင်က ထိုသို့ရှင်းလင်းပြောကြားသွားသည်။





ယန်လိဖင်၏အကကို သိကျွမ်းသူတိုင်းသည် 《ကြာပန်းငုံ》 အကသည် တွေ့ဖူးသလိုလိုဖြစ်ကြောင်းနှင့် မြင်မြင်ချင်း ယန်လိဖင်၏ စတိုင်လ်ကို သိရှိနိုင်ကြောင်း ပြောကြားကြသည်။

ယင်းတွေ့ဖူးသလိုလိုခံစားချက်မှာ 《ကြာပန်းငုံ》 အကသည် ယန်လိဖင်၏ကိုယ်စားပြုလက်ရာများဖြစ်ကြ သည့် 《ငှက်ဝိညာဉ်》၊ 《ဒေါင်း》၊ 《လရောင်》 နှင့်နည်းတူ၊ကဟန်ကကွက်နှင့် အမျိုးသမီးများ၏ကိုယ်လုံးအလှတို့ဖြင့် ကချေသည်၏လက်နှင့် ကိုယ်အထက်ပိုင်းတွင် စုစည်းထားခြင်းကြောင့်ပင်ဖြစ်သည်။ သဘောဖော်ပြချက်တွင်လည်း အဆုံးမရှိသောအရှေ့တိုင်းအလှများကို ဖော်ပြထားခြင်းဖြစ်သည်။ သို့သော် 《ဒေါင်း》 အကသည် သတ္တဝါများ၏ ဝိညာဉ်ပါဝင်နေသဖြင့် လက်နှစ်ဖက်ဖြင့် ဆုပ်နယ်၍ ဒေါင်း၏ခေါင်းပိုင်းကို သရုပ်ဆောင်ပြီး ဒေါင်း၏တောင်ပံနှင့် အမြီးပြန့်ကားပုံတို့ကို အတုယူရသည်။ 《ကြာပန်းငုံ》 မှာမူ ရုက္ခပင်၏ဝိညာဉ်ကို ဖေါ်ကျူးပြီး လက်ဖြင့် ကြာပန်းဖူးငုံ၏ ပွင့်အံ့ဆဲဆဲ အနေအထားကို အတုယူရသည်။ အကနှစ်မျိုး၏လက်ပုံ၊ လက်ဟန်ချင်း မတူပါ။

ယန်လိဖင်အနေနှင့်လည်း ထိုသို့သိကျွမ်းသောခံစားချက်ကို ကွယ်ထောင့်မှာမဟုတ်ပါ။ “ကျွန်မအနေနဲ့ ကျွန်မမှာ အရှေ့တိုင်းဆန်တယ်၊ ကိုယ်ဟန်အမူအရာ၊ အလှရသအမြင်တို့မှာ အရှေ့တိုင်းအမှတ်အသားပါနေတယ်။ တိုင်းရင်းသားလူနည်းစုရဲ့အငွေ့အသက်ပါနေတယ်လို့အစဉ်တစိုက်ယူဆထားပါတယ်။ ဒါဟာ ကျွန်မရဲ့အင်္ဂါရပ်သင်္ကေတပဲ။ ကျွန်မရဲ့ထူးခြားချက်ပါပါတယ်။” ဟုယန်လိဖင်က ဤသို့ရှင်းပြပါသည်။

ချစ်တပည့် ယူနန်မိန်းကလေး ယန်ဝူ၏ကိုယ်ရည်ကိုယ်အားနှင့်ပတ်သက်၍ ယန်လိဖင်က အလွန်ကျေနပ်ပါသည်။ “ကျွန်မဟာ သူ့ခုလိုအရွယ်မှာဆိုရင် သူ့လောက်တောင် မကောင်းပါဘူး။ ဒါပေမဲ့ ကချေသည်တစ်ဦးအတွက် အနေအထားအကောင်းဆုံးသော အသက်မှာ အသက် ၄၀ လောက်ဖြစ်ပါတယ်။ သူငယ်သေးတယ်။ သူ့မှာ အခုအ ထိ (၁၀)နှစ်တာ အတွေ့အကြုံပဲရှိသေးတယ်။ စောင့်ရအုံးမယ်။ ဒီအကဟာ ကျက်သရေမင်္ဂလာရှိခြင်း၊ သာယာခြင်းနှင့်ခွင့်လွှတ်သည်းခံခြင်းစတဲ့အကြောင်းအရာကို ဖော်ပြထားတာပါ။ ကျွန်မအနေနဲ့ ဒီအမြင်မျိုးကို လူငယ်ကချေသည်များအား အားပေးခြင်းနဲ့ ပြုစုပျိုးထောင်ခြင်းအပေါ်ထားရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်”။ အထွေအထွေ

# တယ်ဟုန်ပြည်နယ်ခွဲသည်တရုတ် – မြန်မာနယ်စပ်ဒေသပြည်သူများအတွက်အနုပညာ“စားသောက်ပွဲ”ကြီးပို့ပေး

မကြာမီ တယ်ဟုန်ပြည်နယ်ခွဲ ယဉ်ကျေးမှု၊ အားကစား၊ သတင်းနှင့်ပုံနှိပ်ထုတ်ဝေရေးဌာန၊ သက်ကြီးများအားကစားအသင်း၊ တိုင်(ရှမ်း)ဇာတ်ဆက်ခံထိန်းသိမ်းတင်ဆက်ပြသရေးစင်တာစသည့်ဌာနများ ပူးပေါင်း၍ “၂၀၁၅ခုနှစ် တရုတ်အိပ်မက် - တယ်ဟုန်သံယောဇဉ်၊ အနုပညာများကို အောက်ခြေသို့ တင်ဆက်ပေးရေး”၏ အနုပညာပဒေသာပွဲနှစ်ပွဲကို ရွှေလီမြို့၊လုံ့တောင်မြို့နယ်၌ ကြီးမှူးကျင်းပခဲ့ရာ တရုတ်-မြန်မာနယ်စပ်ဒေသနေပြည်သူများအတွက် အနုပညာ“စားသောက်ပွဲ”ကြီးပို့ပေးခဲ့ပါသည်။



ပထမပဒေသာပွဲတွင် ပြည်နယ်ခွဲတိုင်(ရှမ်း)ဇာတ်ဆက်ခံထိန်းသိမ်း တင်ဆက်ပြသရေးစင်တာမှ သရုပ်ဆောင်များသည် တိုင်တိုင်းရင်းသား ပြည်သူများအတွက် နာမည်ကျော်တိုင်ဇာတ်ဖြစ်သည့် 《လန်ထွေ့ဟန်》 ကို တင်ဆက်ပြသခဲ့သည်။ (၃)နာရီကြာတင်ဆက်စဉ်အတွင်း ပွဲမပြီးမီထွက်သွားသူဟူ၍ မရှိခဲ့ပါ။ 《လန်ထွေ့ဟန် 》၏ဇာတ်လမ်းမှာ ဝမ်းနည်းခြင်း၊ ဝမ်းမြောက်ခြင်းနှင့်တွေ့ဆုံကြုံကွဲခြင်းတို့နှင့်ပြည့်စုံပြီး ပွဲကြည့်ပရိသတ်များအား တခါတရံမျက်ရည်တဖြိုင်ဖြိုင်ကျစေကြသည်၊ တခါတရံ ရယ်ကျဲကျဲရွှင်ပြုံးပြုံးဖြစ်စေကြသည်။ ဒုတိယပဒေသာပွဲတွင် လုံ့တောင်မြို့နယ် ရွာငါးရွာမှလာရောက်သည့် သက်ကြီးအနုပညာအဖွဲ့သည် ပြည်နယ်ခွဲတိုင်ဇာတ်ဆက်ခံထိန်းသိမ်းတင်ဆက်ပြသရေးစင်တာမှ သရုပ်ဆောင်များနှင့် ပူးပေါင်း၍ တင်ဆက်ကြပါသည်။ ငြိမ့်ညောင်းသာယာသော သီချင်းတစ်ပုဒ်ပုဒ်၊ သိကျွမ်းသော စည်းချက်တစ်ပုဒ်ပုဒ်တို့ဖြင့် ပွဲကြည့်ပရိသတ်များ၏လက်ခုပ်သြဘာသံကို အကြိမ်ကြိမ် ရရှိနိုင်ခဲ့ပြီး ပဒေသာပွဲ၏စွဲလမ်းမှုကြောင့် အများအတွက် ပြန်ရန်ပင် သတိမရပါ။ နှစ်ရက်အတွင်း ပဒေသာပွဲ နှစ်ပွဲတင်ဆက်ခဲ့ပြီး ပေါ်များလှသည့်အစီအစဉ်သည် ပြည်သူလူထုများ၏လက်တွေ့ဘဝနှင့် နီးစပ်ဆက်နွယ်နေသည်။ အမျိုးစုံသောပုံစံသည် ဗဟိုအစိုးရ၏မူဝါဒများကို အစီအစဉ်ထဲပေါင်းသွင်းထားသဖြင့် ပြည်သူလူထုများအား ယဉ်ကျေးမှုရသခံစားနေသည့်တချိန်တည်းပညာပေးမှုကိုလည်း ရယူစေနိုင်ခဲ့သည်။

စုံစမ်းမေးမြန်းခြင်းအရ လွန်ခဲ့သည့်နှစ်များအတွင်း တယ်ဟုန်ပြည်နယ်ခွဲသက်ကြီးများအားကစားအသင်းသည် “သက်ကြီးများ ဝိသေသပါအမှတ်တံဆိပ်လှုပ်ရှားမှု ၅၆၇၈ စီမံကိန်း”ကို တက်ကြွစွာ အကောင်အထည်ဖေါ်ဆောင်ခဲ့ကြောင်း၊ အနုပညာဆိုင်ရာ အသင်းအဖွဲ့များကို စည်းရုံး၍ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်(ကျေးရွာအုပ်စု)၊ စာသင်ကျောင်းစသည့်နေရာများသို့ သွားရောက်တင်ဆက်လေ့ရှိပြီး ပြည်သူလူထုများအတွက် ပျော်ရွှင်မှုနှင့်နွေးထွေးမှုကို ပို့ပေးနိုင်ခဲ့ကြောင်းသိရသည်။ လောလောဆယ်တွင် “၅၆၇၈ စီမံကိန်း”သည် ပြည်နယ်ခွဲသက်ကြီးများအားကစားအသင်း၏ နေ့စဉ်လုပ်ငန်းတစ်ရပ်အဖြစ် အောက်ခြေပြည်သူလူထုများကို ဝန်ဆောင်မှုပေးသည့် ပရဟိတယဉ်ကျေးမှု၏နာမည်ကျော်အမှတ်တံဆိပ်တစ်ခုဖြစ်လာပါသည်။

ယဉ်ကျေးမှုဖြင့် ပြည်သူ့အကျိုးပြုရန် လမ်းတစ်သွယ်ဖောက်လုပ်ခဲ့ပြီး ပြည်သူလူထုများ၏ နှလုံးသားတွင် နက်ရှိုင်းစွာ ထုတွင်းပြီးဖြစ်ပါသည်။

တုကျွင်း



# ဗြိတိန်တော်ဝင်မင်းသားဝီလျံ စစ်ဆောင်ပန်နားသို့ အလည်အပတ်ရောက်ရှိ

မတ်လ ၄ ရက်တွင် ဗြိတိန်ကိန်းဘရစ်မြို့စား မင်းသားဝီလျံသည် ယူနန်ပြည်နယ် စစ်ဆောင်ပန်နားတိုင်တိုင်းရင်းသား လူမျိုးများကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲသို့ လာရောက်လည်ပတ်ခဲ့ကြောင်း သိရပါသည်။

မင်းသားဝီလျံသည် စစ်ဆောင်ပန်နား နိုင်ငံတော်အဆင့် သဘာဝထိန်းသိမ်းရေးဇုန်အနီးမှ မုံမန်တိုင်တိုင်းရင်းရွာသို့ သွားရောက်လည်ပတ်ခဲ့ပြီး ရွာသားများ၏ နေအိမ်ထဲသို့လည်း "ဧည့်သည်"အဖြစ် ဝင်ရောက်လည်ပတ်ခဲ့သည်။ ထို့နောက် စစ်ဆောင်ပန်နားတောရိုင်းဆင်မျိုးပွားရေးစခန်းနှင့် ကယ်ဆယ်ရေးစင်တာသို့ သွားရောက်၍ လွန်ခဲ့သည့်(၁၀)နှစ်တုန်းက ကယ်ဆယ်ခံရသော အာရှဆင်မျိုး"ရန်ရန်"နှင့် နီးကပ်ရင်းနှီးစွာ ထိတွေ့ခဲ့သည်။ တောရိုင်းဆင်လျှိုမြောင်၌ တောရိုင်းဆင်များ ကာကွယ်ထိန်းသိမ်းရေး အခြေအနေနှင့် တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုနှင့် ခိုးယူအမဲလိုက်မှု တိုက်ဖျက်ရေး အခြေအနေများကို လေ့လာခဲ့သည်။

ယင်းနောက် စစ်ဆောင်ပန်နား အပူပိုင်းဇုန်ရုက္ခပင်ဥယျာဉ်ကို လေ့လာခဲ့ပြီး စစ်ဆောင်ပန်နား၏ တစ်နေရာတည်းသာရှိသော "ဝူယားကော်" ခေါ် သစ်ပင်မျိုးကို စိုက်ပျိုးခဲ့သည်။

ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ တောင်လင်ယင်းက လေဆိပ်တွင် ကြိုဆိုခဲ့ပြီး စစ်ဆောင်ပန်နားခရီးစဉ်တလျှောက်တွင် မင်းသားဝီလျံကို လိုက်ပါလည်ပတ်ခဲ့သည်။

မင်းသားဝီလျံနှင့် တောင်လင်ယင်းတို့သည် အပူပိုင်းဇုန်ရုက္ခပင်ဥယျာဉ် သုတေသနစင်တာ၌ ကျင်းပသော"နယ်စပ်ဒေသ ဇီဝမျိုးစုံမျိုး ကွဲကာကွယ်ထိန်းသိမ်းရေး-တရုတ်ပြည်တောင်ပိုင်း နယ်စပ်ဖြတ်ကျော်ကာကွယ်ရေးဇုန်၏ အခန်းနှင့်အနာဂတ်" ဆွေးနွေးပွဲကို တက်ရောက်ခဲ့ကြပြီး အမှာစကားပြောကြားခဲ့ကြသည်။

မင်းသားဝီလျံက အမှာစကား ပြောကြားရာတွင် ယခုအကြိမ်ခရီးစဉ်သည် တရုတ်ပြည်၏ လျင်မြန်စွာတိုးတက်နေသည့် စီးပွားရေးနှင့် သမိုင်းရှည်ကြာသော ယဉ်ကျေးမှုအတွက် နက်ရှိုင်းစွာသိရှိနားလည်ခဲ့ရကြောင်း၊ ယူနန်ပြည်နယ်၏ ဇီဝမျိုးစုံမျိုးကွဲအခြေအနေကိုလည်း ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားမိကြောင်း၊ တရုတ်ပြည်သည် တောရိုင်းတိရစ္ဆာန်နှင့်ရုက္ခပင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွင်ပြုလုပ်ခဲ့သော အကျိုးဆောင်မှုအတွက် ချီးမွမ်းထိုက်ကြောင်း၊ ဗြိတိန်-တရုတ်နှစ်နိုင်ငံတို့သည် အဖိုးတန်ရှားပါးဇီဝအမျိုးအစား ကာကွယ်ထိန်းသိမ်းရေး၊ တရားမဝင် ကုန်သွယ်မှုပပျောက်ရေး၊ ဈေးကွက်လိုအပ်ချက်လျှော့ချရေးစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအကြံပြုကြောင်း စသည်ဖြင့် ပြောကြားသွားပါသည်။


တောင်လင်ယင်းက ယူနန်ပြည်နယ်အနေနှင့် ဇီဝမျိုးစုံ မျိုးကွဲကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ ထင်ရှားသိသာသော အောင်မြင်မှုများ ရရှိခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အထူးသဖြင့် နယ်စပ်ဖြတ်ကျော်ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်ထိန်းသိမ်းရေးဘက်တွင် အဖိုးတန်သောအတွေ့အကြုံကောင်းများကို ရရှိခဲ့ပြီးဖြစ်ကြောင်း၊ တရုတ်-ဗြိတိန်နှစ်နိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပြီး တစ်ကမ္ဘာလုံးတွင် ဇီဝမျိုးစုံ မျိုးကွဲကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို လက်တွဲဆောင်ရွက်ကာလူသားနှင့်သဘာဝတို့၏ သာယာလှပသော ကမ္ဘာအိမ်ဝင်းကို လက်တွဲတည်ဆောက်ကြရန် မျှော်လင့်ကြောင်း ပြောကြားသွားပါသည်။

ဆွေးနွေးပွဲအပြီးတွင် မင်းသားဝီလျံသည် တရုတ်၊ ဗြိတိန်၊ အိန္ဒိယ၊ ပါကစ္စတန်စသည့် နိုင်ငံများမှကျောင်းသားလူငယ်များနှင့် ဖလှယ်ဆွေးနွေးခဲ့သည်။

စစ်ဆောင်ပန်နားသည် မင်းသားဝီလျံ တရုတ်ခရီးစဉ်၏ နောက်ဆုံးတစ်ထောက်ဖြစ်သည်။

တရုတ်၊ ဗြိတိန်၊ အမေရိကန်၊ ပြင်သစ်စသည့် နိုင်ငံများမှ ပင်မမီဒီယာများက အဆိုပါခရီးစဉ်အတွက် သတင်းရေးသားပေးပို့ခဲ့ကြသည်။











ပုံ(၁) မုံမန်ရွာတွင် မင်းသားဝီလျံသည် တိုင်တိုင်းရင်းသား၏ အိမ်ထဲဝင်ရောက်ပြီး ရေနွေးကြမ်းသောက်၊ ကောက်ညင်းထုပ်စားနေစဉ်

ပုံ(၂) ဗြိတိန်ကိန်းဘရစ်မြို့စားမင်းသားဝီလျံသည် အာရှဆင်မျိုးပွားရေးစခန်းတွင် 'ရန်ရန်' ခေါ်ဆင်နှင့်"ရင်းနှီးစွာထိတွေ့"၊ ဆင်အကြိုက်ဆုံးသော မုန်လာဥနီကို ကျွေးနေစဉ်

ပုံ(၃) မင်းသားဝီလျံသည် အာရှဆင်မျိုးပွားရေးစခန်းမှဝန်ထမ်းများနှင့် တောရိုင်းတိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး ရင်းရင်းနှီးနှီးဖလှယ်နေစဉ်

ပုံ(၄)မင်းသားဝီလျံသည်မုံမန်ရွာသားများနှင့် အမှတ်တရလက်ဆောင် အပြန်အလှန်ပေးပြီး ဒေသခံများမှာတောရိုင်းဆင်များနှင့်မည်သို့ပင်သင့်မြတ်စွာ အတူနေထိုင်ကြသည့်အကြောင်းကို မေးမြန်းစဉ်

ပုံ(၅) မင်းသားဝီလျံသည် အပူပိုင်းဇုန်ရုက္ခပင်ဥယျာဉ်တွင်မိန့်ခွန်းပြောကြားစဉ်

## စစ်ဆောင်ပန်နားသည် အာရှဆင်နားနေရန် အကောင်းဆုံးမြေနေရာဖြစ်အောင် တက်ကြွစွာတည်ဆောက်

ယူနန်ပြည်နယ်စစ်ဆောင်ပန်နား တိုင်(ရှမ်း)တိုင်းရင်းသား လူမျိုးများကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်ခွဲသည် တရုတ်ပြည်၏ အဓိကကျသည့် အာရှဆင်များနားနေရန် နေရာတစ်နေရာဖြစ်သည်။ ပြီးခဲ့သည့်နှစ်များအတွင်း စစ်ဆောင်ပန်နား ပြည်နယ်ခွဲသည် သဘာဝသစ်တော၊ စိုက်ပျိုးမြေကို သစ်တောမြေအဖြစ် ပြန်လည်ထူထောင်ရေး၊ သဘာဝထိန်းသိမ်းရေးနယ်မြေ စသည့် လုပ်ငန်းများအတွက် အဆက်မပြတ်တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ တောရိုင်းတိရစ္ဆာန်နားနေရန်နယ်မြေကို တက်ကြွစွာ ဆောက်တည်လာခဲ့ရာ အာရှဆင်များအရေအတွက်မှာ (၂၀)ရာစု နှစ်(၈၀)ဆယ်စုနှစ်၏ကောင်ရေ ၁၇၀ မှ ယခုကောင်ရေ ၃၀၀ ကျော်အထိ တိုးတက်လာစေခဲ့သည်။ အာရှဆင်များ၏ နေထိုင်ရန်ပတ်ဝန်းကျင်ကိုလည်း သိသိသာသာ ကောင်းမွန်လာနေသည်။

အာရှဆင် ကာကွယ်ထိန်းသိမ်းရန် လူသားနှင့်ဆင်များအကြား ဖြစ်ပေါ်လာသောအငြင်းပွားမှုများကို လျော့နည်းစေရန်စစ်ဆောင်ပန်နားနိုင်ငံတော်အဆင့် သဘာဝကာကွယ်ထိန်းသိမ်းရေးဇုန်စီမံခန့်ခွဲရေးဌာနမှ သုတေသီတို့သည် ကာကွယ်ရေးဇုန်နှင့် အနီးတဝိုက်ရှိကျေးရွာများသို့ နှစ်ရှည်လများ သွားရောက် သုတေသနပြု လေ့လာခဲ့ကြသည်။ ဆင်၏ ဖျက်ဆီးမှုဒဏ်ကို ဆိုးဝါးစွာခံရသည့် ကျေးရွာများအတွက် လျှပ်စစ်စည်းရိုး၊ ဆင်ကာကွယ်ရန်ကျုံး၊ ဆင်ကာကွယ်ရန်နံရံ၊ အာရှဆင်အစာခြံကို အစမ်းတည်ဆောက်ခြင်းစသည့် နည်းလမ်းများဖြင့် ဆင်ရိုင်းများ ကောက်ပဲသီးနှံဖျက်ဆီးသည်ကို တားဆီးကာကွယ်ခဲ့ပါသည်။ ထို့ပြင် ဆင်ရိုင်းများအတွက် အစာလုံလောက်စွာ ပံ့ပိုးပေးခဲ့သည်။ အဆိုပါ စီမံကိန်းများ အကောင်အထည်ဖေါ်ဆောင်ခြင်းဖြင့် အာရှဆင်စသည့်တောရိုင်းတိရစ္ဆာန်များ ပတ်ဝန်းကျင်ရှိ ရွာသူရွာသားများ၏ ကုန်ထုတ်လုပ်မှု၊ နေထိုင်စားသောက်မှုအပေါ် ထိခိုက်နစ်နာမှုများကို သိသာစွာလျော့နည်းခဲ့သည်။ နယ်မြေအတွင်း လူသားနှင့်ဆင်များအကြားရှိ ပဋိပက္ခများကိုအသင့်အတင့်ပြေလည်နိုင်ခဲ့သည်။

၎င်းအပြင် လူငယ်များ၏ အာရှဆင်ထိန်းသိမ်းကာကွယ်ရေး အသိစိတ်ထားစေရန်အတွက် 《ဆင်အကြောင်းသိကောင်းစရာ》 သင်ရိုးကိုထုတ်ဝေပြီး ဒေသတွင်းရှိကျောင်းများတွင် ကျယ်ပြန့်စွာဖြန့်ဖြူးသဖြင့် အာရှဆင်နားနေရန်နယ်မြေ ကာကွယ်ရေးအတွက် အရေးပါသော အခန်းထဲပါဝင်ခဲ့သည်။ အထူးတင်ပြလိုသည်မှာ ဒေသအတွင်း အာရှဆင် ထိန်းသိမ်းကာကွယ်ရေး တာဝန်အာမခံအကောင်အထည်ဖော်နိုင်ရန် တက်ကြွစွာ အစမ်းဆောင်ရွက်ခဲ့သည်။ ၂၀၁၄ခုနှစ်အတွင်း အာမခံငွေပမာဏမှာ စုစုပေါင်းယွမ် ၄. ၁၇၅ သန်းယူခဲ့ပြီး လျော်ကြေးအဖြစ်စုစုပေါင်း ယွမ်သန်း ၅၀ လျော်ပေးခဲ့သည်။

ကျောက်ယူပိ၊ ချန်ကျုံးပေါ်